တောင်ယာတန်းကျေးရွာ

ကညင်သုံးဆင့်ကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
တောင်ယာတန်းကျေးရွာ



Venn Diagram



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	အလွန်အေး	နေပူ	နေပူပြင်း	နေပူလွေ့	မိုးရွာ	မိုးများ	မိုးများ	မိုးနည်း	နေပူ	အေး	အေး
အလုပ်အကိုင်	များ	များ	များ	နည်း	နည်း	များ	များ	နည်း	နည်း	များ	အလွန်များ	အလွန်များ
လက်လုပ်လက်စားမိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ)	များ	များ	များ	နည်း	နည်း	များ	များ	နည်း	နည်း	များ	များ	များ
အသုံးစရိတ်	များ	များ	များ	သင့်	သင့်	များ	များ	နည်း	နည်း	များ	များ	များ
ချေးငွေ လိုအပ်မှု	-	-	-	-	လိုအပ်	လိုအပ်	-	-	လိုအပ်	-	-	လိုအပ်
ဝမ်းစာ ဖူလုံမှု	ရှိ	ရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	မရှိ	မရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	မကောင်း	မကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	ရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ
ပွဲတော်	သင့်	နည်း	နည်း	များ	များ	နည်း	-	-	သင့်	နည်း	သင့်	များ

သဘာဝဘေးအန္တရာယ်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ

၁။ တည်နေရာနှင့် ပထဝီအနေအထား

တောင်ယာတန်းကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့် ကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ကျောင်းကုန်းမြို့မှ (၈)မိုင်ခန့် ကွာဝေးပြီး ကျေးရွာသို့ရောက်ရှိရန် ရန်ကုန်-ပုသိမ်ကားလမ်းမဘေးမှ (၁)မိုင်ခွဲခန့် ဆက်လက်သွားရပါသည်။ ကျေးရွာ၏ ဧရိယာအကျယ်အဝန်းမှာ (၃၁)ဧကရှိပါသည်။ ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ မြေပြန့်ဒေသဖြစ်သောကြောင့် မိုးအခါတွင် ရေကြီးလေ့ရှိပြီး ကျေးရွာတွင်းရှိ လမ်းများပျက်စီးခြင်း၊ သီးနှံစိုက်ခင်းများပျက်စီးခြင်းများ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးသီးနှံများမှာ ပဲ၊ ပြောင်း၊ ပိန်း၊ နနွင်း၊ ကြံတို့ ဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ကွမ်းဖြစ်ပါသည်။ လမ်းပန်း ဆက်သွယ်ရေးမှာ မကောင်းမွန်သောကြောင့် ကားလမ်းမသို့ သီးနှံများ၊ ဒေသထွက်ကုန်များ တင်ပို့ရန် မလွယ်ကူပါ။ ကျေးရွာတွင် အိမ်ခြေ(၁၇၃)အိမ် ရှိပြီး၊ ကရင်နှင့် ဗမာလူမျိုး(၂)မျိုး နေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်တို့ စုပေါင်းနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုသင့်တင့်မျှတပါသည်။ အပူချိန်မှာ(၃၂˚C)ရှိပါသည်။ မိုးရေချိန်မှာပြည့်ဝစွာရရှိ၍ စိုက်ပျိုးရေး အတွက်လည်း အဆင်ပြေလွယ်ကူစေပါသည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုများ အနည်းအများကြုံတွေ့လာရသည်မှာလည်း ကျွန်ုပ်တို့ရွာလေး အပါအဝင်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ် အနေနှင့် ရေကိုကောင်းစွာရရှိရန်(၂၀၁၇)ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ တူးမြောင်းချောင်းအား ပြန်လည် တူးဖော်၍ ရေဆင်းရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မြေဆီလွှာကောင်းမွန်သောကြောင့် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရာတွင် အဆင်ပြေပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးကိစ္စများကို ဦးစီးဦးဆောင် ဆောင်ရွက်သော ဖွံ့ဖြိုးရေး အုပ်စုအဖွဲ့(၆)ဖွဲ့ ရှိပါသည်။ ၄င်းတို့မှာ ပရဟိတကူညီရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ ကျေးလက်ကျန်းမာရေးအကူအညီပေးရေးအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တို့ဖြစ်ကြပါသည်။ ရပ်ရွာအကျိုးကိစ္စများကို ဆောင်ရွက်သော ပရဟိတကူညီအဖွဲ့သည် လူငယ်လူရွယ်များနှင့် အဖွဲ့ဝင်ဦးရေအများဆုံး ဖွဲ့စည်းထားပါသည်။ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဦးစီးဦးဆောင်လုပ်သော ရပ်မိရပ်ဖအဖွဲ့ရှိပြီး ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ

မီးဘေးကြိုတင် ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ အဖွဲ့အစည်းများသည် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင် ရာသီအလိုက် သီးနှံများစိုက်ပျိုးရောင်းချကြ၍ မွေးမြူရေးကိုလည်း အိမ်များတွင် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အဓိကအားဖြင့် မိုးစပါး၊ ပိန်းနှင့် နန္နင်းတို့ကို အများစုစိုက်ပျိုးကြပြီး နွေစပါးစိုက်ပျိုးကြသော တောင်သူများလည်းရှိပါသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧက တင်း(၈၀)မှ တင်း(၉၀)ကျော်ထိ ထွက်ပါသည်။ လယ်ယာစိုက်ပျိုးကြသူများသည် စိုက်ပျိုးစရိတ်များကို အများအားဖြင့် ချေးငှား၍ စိုက်ပျိုးကြရပါသည်။ စီးပွားဖြစ်လုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းများမရှိပါ။ အိမ်တွင်းမှုပညာကို တတ်ကျွမ်းသူအနည်းငယ်မျှရှိပြီး တောင်း၊ ပလုံး၊ ခြင်း၊ ဝါးခမောက် ရက်လုပ်၍ အသက်မွေးကြသော မိသားစုများရှိကြပါသည်။ အိမ်တွင်းမှုလုပ်ငန်းအနေဖြင့် စက်ချုပ်၊ အဝတ်ချုပ်သော အိမ်ထောင်စုလေးများလည်းရှိကြပါသည်။ ထုတ်ကုန်လုပ်ငန်းအနေဖြင့် အုတ်ဖုတ်သောလုပ်ငန်း လုပ်ကိုင်သူ များလည်းရှိပါသည်။ လျှပ်စစ်ပစ္စည်းအတိုအထွာလေးများပြင်ဆင်တတ်သူများ၊ ပန်းရံ၊ လက်သမားပညာရပ် များကို တတ်ကျွမ်းကြသူများလည်းရှိကြပါသည်။ အိမ်များတွင် တစ်ပိုင်တစ်နိုင် ကုန်စုံဆိုင်လေးများ ဖွင့်၍ ကျေးရွာသူ/သားများ အဆင်ပြေစေရန် ရောင်းချနေကြပါသည်။

ကျေးရွာရှိ ပြည်သူများသည် မိမိတို့၏ ဘိုးဘွားမိဘပိုင် ခြံမြေကွက်များတွင် လက်ဝတ်လက်ရင်း ဖြစ်သော လယ်ယာစိုက်ပျိုးခြင်း၊ ခြံထွက်သီးနှံများစိုက်ပျိုးကြခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်း များကိုလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာတွင် ဥစ္စာပစ္စည်းအဆင်ပြေသော အိမ်ထောင်စုများရှိသကဲ့သို့ အဆင်မပြေသောအိမ်ထောင်စုများလည်းအများအပြား ရှိပါသည်။ အဆင်ပြေပြေ နေထိုင်စားသောက်နိုင်သော အိမ်ထောင်စု(၂၁)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၂၄)စု၊ အဆင်မပြေသော အိမ်ထောင်စု(၈၅)စုရှိပါသည်။ နွေရာသီတွင် စားဝတ်နေရေးအဆင်ပြေစေရန် ဆောင်းစပါးကို သီးထပ်အဖြစ် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စီးပွားရေးအခြေအနေအရ ကျေးလက်နေ ဝါးအိမ်ကလေးများကို အများစု ဆောက်လုပ်နေထိုင်ကြပြီး အဆင်ပြေသောမိသားစုဝင်များသည် တိုက်အိမ်ငယ်၊ ပျဉ်ထောင်အိမ်ငယ်များ ဆောက်လုပ်ကာ နေထိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အဆောက်အအုံအနေဖြင့် ကြီးကြီးမားမားမရှိသေးပါ။ ကျေးရွာရှိနေအိမ်အများစုမှာ ဝါး၊ သစ်တို့ကိုသာ အသုံးပြု၍ ဆောက်လုပ်ကြသော သစ်အိမ်၊

ဝါးအိမ်များသာဖြစ်ကြပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများသာဖြစ်ကြပြီး ရာသီမရွေးသွားလာရန် အဆင်မပြေပါ။ အထူးသဖြင့် မိုးရာသီကာလများတွင် ရွံ့ဗွက်ထူထပ်သောလမ်းများဖြစ်ကြပြီး အဆင့်မြင့်တင်ရန် လိုအပ်နေပါသည်။ အဆင်ပြေသောအိမ်များသည် မိမိတို့၏ အိမ်ရှေ့လမ်းများကို အုတ်ခဲများဖြင့် ကိုယ်ထူကိုယ်ထပြုပြင်၍ သွားလာရအဆင်ပြေစေရန် ပြုလုပ်ကြပါသည်။ ရန်ကုန်-ပုသိမ်ကားလမ်းမနှင့် နီးကပ်နေသောရွာဖြစ်သော်လည်း ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်နေ၍ ကုန်စည်ပို့ဆောင်ရာတွင် အခက်အခဲများစွာတွေ့ကြုံကြရပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းတစ်ကျောင်းရှိပါသည်။ ကျောင်းဆောင်(၂)ဆောင်ရှိ၍ ကျောင်းဆောင်အဟောင်းမှာ တံခါး၊ ပြတင်းပေါက်၊ ခြေကျော်တံခါးမများမှာ ကောင်းမွန်ခြင်းမရှိတော့ပါ။ ပြုပြင်ပေးရန်အကြိမ်ကြိမ်တင်ပြတောင်းခံသော်လည်း မရရှိသေးပါ။ ဝန်ထမ်းအိမ်ယာအနေဖြင့် (၂)ခန်းတွဲ (၂)လုံးနှင့် (၁)ခန်းတွဲ (၂)လုံးရှိပါသည်။

လျှပ်စစ်မီးလုံးဝမရရှိသေးပါ။ လျှပ်စစ်မီးမရရှိသဖြင့် ကျေးရွာ၏ လူမှုစီးပွားအခြေအနေများတွင် ဖွံ့ဖြိုးမှု နှေးကွေးနေပါသေးသည်။ ဆက်သွယ်ရေးဖုန်းလိုင်းများမှာ ကောင်းမွန်ခြင်းမရှိသေးပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာနှင့် မြတ်ကျွန်းသာတို့မှလည်း ငွေကြေးဝန်ဆောင်မှုအနေဖြင့် အရစ် ကျငွေထုတ်ပေးချေစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူလယ်သမားများ အတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင်(၅၀၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။

(c) ပညာရေး

ကျေးရွာ၏ ပညာတတ်မြောက်မှုနှုန်းမှာ အသက်(၃၀)အထက် အရွယ်ရှိသူများသည် စာပေကို ကောင်းမွန်စွာတတ်မြောက်မှု အားနည်းပါသည်။ အသက်(၄၀)အထက်ရှိသောကျေးရွာသူ/သား များသည် ယခင်က စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ပညာတတ်မြောက်မှု ပိုမိုအားနည်း ကြပါသည်။ (၃၀)နှစ်အောက်လက်ရှိ ကလေးငယ်များသည် နိုင်ငံတော်၏ ပညာရေးအပေါ် အလေးပေး၍ မူဝါဒများချမှတ်ကာ ဦးတည်ဆောင်ရွက်နေသောကြောင့် ကလေးအားလုံးနီးပါး ကျောင်းနေကြ၍ မိဘများကလည်း အားပေး၊ အားမြောက်ပြုကြပါသည်။ ကျောင်းနေရွယ်ကလေးတိုင်း စာပေသင်ကြား ကြရပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သော ကျောင်းသား/သူများ၊ တက္ကသိုလ်တက်နေသော ကျောင်းသား/သူများလည်း ရှိကြပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျေးရွာရှိကျောင်းလေးသည် မူလွန်ကျောင်းအဖြစ် အဆင့်မြင့်ပေးခံရ၍ နောင်လာနောင်သားများ ပညာရေးကို ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ လက်ရှိမူလွန်ကျောင်းလေးသို့ ရွာတွင်းမှသာမက ပတ်ဝန်းကျင် ကျေးရွာများရှိ ကလေးများပါ ကျောင်းလာတက်ကြသဖြင့် ကျောင်းဆောင်၊ စာရေးခုံ၊ ပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျောင်းသားဦးရေ KG တန်းမှ ပဉ္စမတန်းအထိ ကျား၊ မစုစုပေါင်း (၁၄၈) ယောက် ရှိပါသည်။ ကလေးများအား အာဟာရတိုက်ကျွေးမှုများလည်းရှိပါသည်။ စာအုပ်၊ ခဲတံစသော ကျောင်းသုံး စာရေးကိရိယာများကို အခြားဒေသ၊ မြို့ရွာများမှ အလှူရှင်များမှာ လာရောက်လှူဒါန်းကြပါသည်။ ဆရာ/မ (၄)ဦး သင်ကြားပေးနေပါသည်။ ကလေးများ ပညာရေးကောင်းမွန်စေရန် ဆရာ/မ များမှာ ကြိုးစား၍ သင်ကြားပေးနေကြပါသည်။ မြို့နယ်တွင်လည်း နာမည်ကောင်းရသော ကျောင်းလေးဖြစ်ပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသေးပါ။ ဆေးရုံ၊ ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်လူနာများမှာ ကျောင်းကုန်းရှိ မြို့နယ်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှု ခံယူကြရပါသည်။ ကျန်းမာရေးအခြေအနေမှာ ရာသီအပြောင်းအလဲ အချိန်များတွင် နာမကျန်းဖြစ်လေ့ရှိကြပါသည်။ ရောဂါကြီးကြီးမားမားစွဲကပ်သူများ မရှိသလောက်နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများ၊ စုပေါင်းကာကွယ်ဆေးထိုးနှံခြင်းများ ပြုလုပ်လေ့ရှိသောကြောင့် ကျေးရွာရှိပြည်သူများမှာ ကျန်းမာရေးအသိဗဟုသုတ အနည်းနှင့်အများရှိကြပါသည်။ ကျန်းမာရေးအထူးကောင်းမွန်ကြပါသည်။ ကျေးရွာရှိ ကလေးများမှာ ကျန်းမာသန်စွမ်းကြပါသည်။ အသက်အရွယ်ကြီးရင့်သူ ဘိုးဘွားများ၏ နာမကျန်းမှုများရှိတတ်ပါသည်။ ကျေးရွာတွင် ဆေးအရောင်းဆိုင်မရှိပါ။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ဆိုးရွားသော သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုမရှိသေးပါ။ မိုးရာသီတွင် ရေကြီးမှုကို တစ်ခါတစ်ရံကြုံတွေ့ရပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ တစ်ခါတစ်ရံ လေပြင်းတိုက်ခတ်မှုများ ရှိတတ်ပါသည်။ စိုက်ပျိုးချိန်တွင် ပိုးမွှားကျရောက်မှုကြောင့် ပိုးသတ်ဆေးများအသုံးပြုကြရပါသည်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ခါတုမြေဩဇာများ သုံးစွဲမှုကြောင့် မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်နေပါသည်။ ပတ်ဝန်းကျင်လှပသန့်ရှင်းစေရန် ကျန်းမာရေးဌာနမှ လာရောက်စစ်ဆေးမှုများ ရှိပါသည်။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှု မရှိလျှင် ကျန်းမာရေးဆိုးရွားစွာထိခိုက်နိုင်သဖြင့် ကျေးရွာရှိပြည်သူများ အနေဖြင့် သန့်ရှင်းရေးကို အထူးဂရုစိုက်သင့်ပေသည်။ ခိုးခြင်း၊ လုခြင်းများ ကျေးရွာတွင် လုံးဝမရှိဖူးပါ။

(၉) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာအနေဖြင့် လူငယ်ခေါင်းဆောင် ကျား၊မ တစ်ဦးစီခွဲထားပြီး အလှူပွဲများ၊ သာရေး၊ နာရေးကိစ္စရပ်များတွင်မူ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျား၊ မ ခွဲခြားဆက်ဆံမှု မရှိပါ။ လုပ်ငန်းခွင်များတွင် အမျိုးသားများသည် ကိုယ်ကာယပိုမိုစိုက်ထုတ်ရသဖြင့် လုပ်အားခ ပိုမိုရကြပါသည်။ အမျိုးသမီးများမှာ လယ်ယာလုပ်ငန်းခွင်များတွင် ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်းကဲ့သို့သော သင့်တော်ရာနေရာများတွင် အလုပ်လုပ်ကိုင်ကြပါသည်။ လူဦးရေအချိုးအနေဖြင့် ကျေးရွာတွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားအရေအတွက်ထက် ပိုများပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်မူ အမျိုးသားများမှာ ပိုမိုပါဝင်လုပ်ကိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ချဉ်းကပ်လမ်းအဆင့်မြှင့်တင်ခြင်းစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းစီမံချက်	၂
၃	အခြေခံအဆောက်အဦ	ကျေးရွာမီးလင်းရေးစီမံချက်	၃
၄	ပညာရေး	ဆရာ/မ လုံလောက်စွာခန့်ထားနိုင်ရေးစီမံချက်	၄
၅	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေးစီမံချက်	၅

ဖွံ့ဖြိုးရေးဗျူဟာ ၈ယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာ ရန် အဆင်မပြေ	• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာရန် အဆင်မပြေ	• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာရန် အဆင်မပြေ	• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာရန် အဆင်မပြေ	• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာရန် အဆင်မပြေ	• ချဉ်းကပ်လမ်းမှာ ရာသီမရွေး သွားလာရန် အဆင်မပြေ

• မိုးရာသီတွင် ရွာတွင်း လမ်းများသွားလာရန် ခက်ခဲခြင်း	• မိုးရာသီတွင် ရွာတွင်း လမ်းများသွားလာရန် ခက်ခဲခြင်း	• မိုးရာသီတွင်ရွာတွင်းလမ်းများ သွားလာရန် ခက်ခဲခြင်း	• မိုးရာသီတွင် ရွာတွင်း လမ်းများသွားလာရန် ခက်ခဲခြင်း	• မိုးရာသီတွင် ရွာတွင်း လမ်းများသွားလာရန် ခက်ခဲခြင်း	• မိုးရာသီတွင် ရွာတွင်း လမ်းများ သွားလာရန် ခက်ခဲခြင်း
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• လျှပ်စစ်မီးမရရှိသေး ခြင်း	• ဓါတ်အားလိုင်း သွယ်တန်းရန် ကုန်ကျစရိတ် မတတ်နိုင်ခြင်း	• မဟာဓါတ်အားလိုင်းနှင့် နီးကပ်စွာရှိနေခြင်း	•	• ကျေးရွာကော်မတီ ဖွဲ့စည်း ၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြ ခြင်း	• ကျေးရွာမီးလင်းရေး စီမံချက်
ကဏ္ဍ – ပညာရေး					

• ဆရာ/မ လုံလောက်မှု မရှိခြင်း	• အောင်ချက်ရာနှုန်းတက်လာခြင်း၊ • ကျောင်းသား ဦးရေတိုးပွားလာခြင်း	•	•	• သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း	• ဆရာ/မ လုံလောက်စွာခန့်အပ်နိုင်ရေးတင်ပြ ချက်

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – ကျန်းမာရေး					

• ကျန်းမာရေး ဌာနခွဲနှင့် အလှမ်းကွာဝေးခြင်း • အရေးပေါ် လူနာများ အခက်အခဲ များစွာရှိနေခြင်း	ကျေးလက် ကျန်းမာရေး ဆေးပေးခန်းမရှိခြင်း	• ကျေးရွာမှဆေးပေးခန်း မြေနေရာပေးနိုင်ခြင်း	• ပြင်ပမှ ကူညီမည့် အလှူရှင်မရှိခြင်း	• ကျန်းမာရေး ဌာနသို့ ဆက်သွယ်၍ တင်ပြတောင်းဆိုခြင်း • ကျန်းမာရေး ဟောပြောပွဲ များ ပြုလုပ်ပေးခြင်း	• ကျေးလက်ကျန်းမာေး ဌာနခွဲ ရရှိရေး စီမံချက်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၇	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၃၃	၅၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၂၂	၅၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၉	၆၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၇	၂၄၀	၄၇၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၉	၃၂
စုစုပေါင်း		**၃၄၁**	**၃၅၀**	**၆၉၁**
စုစုပေါင်း အိမ်ထောင်စု		**၁၇၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေးဆိုင်ရာအချက်အလက်အရ ကျားမအချိုးကွာဟမှု နည်းပါးပါသည်။(၁)နှစ်အောက် ကလေးငယ် အနည်းငယ်သာရှိပါသည်။ ကလေးမွေးဖွားနှုန်း အသင့်အတင့်သာ ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များပြားပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
လယ်မြေ	၄၈၂	သင့်	ရ	မြေအောက်ရေ
ယာမြေ	၁	သင့်	ရ	မြေအောက်ရေ
ဥယျာဉ်ခြံမြေ	၂	သင့်	ရ	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၄၂၇.၁	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လယ်မြေများတွင် မိုးရာသီတွင် ဧကပြည့်မှီအောင် စိုက်ပျိုးနိုင်ကြပြီး ဥယျာဉ်ခံစိုက်ပျိုးသည်များလည်းရှိပါသည်။ ခံများအတွက် အဓိကရေအရင်းအမြစ်မှာ မြေအောက်ရေ ဖြစ်ပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	လွယ်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	လွယ်
ပျှမ်းမျှအပူချိန် - (၂၆.C - ၃၂.C)	ပျှမ်းမျှ မိုးရေချိန် - (၈၀) လက်မ မှ (၁၀၀)လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဓါတ်သတ္တုထွက်ရှိမှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင် တွင် သဘာဝအတိုင်းပေါက်ရောက်နေကြသော ဆေးဘက်ဝင်ပင် အနည်းအကျဉ်း ရှိပါသည်။ မြွေ၊ ဖား၊ ကင်းလိပ်ချော၊ ငှက် စသော သဘာဝတိရစ္ဆာန်မျိုးစိတ်များကိုလည်း အလွယ်တကူတွေ့ရှိရပါသည်။ ပျှမ်းမျှ အပူချိန် (၂၆.C - ၃၂.C) ခန့်ရှိပြီး ပျှမ်းမျှမိုးရေချိန်(၈၀) လက်မ မှ (၁၀၀)လက်မခန့်ထိရရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပရဟိတ အဖွဲ့	၁□ Â ၂□ ၃□	ပညာရေး □ Â ငွေကြေး □ Â ကျန်းမာရေး □ Â ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်အသင့်အတင့်ရှိပါသည်။
၂	ရပ်မိရပ်ဖ အသင်း	၁□ ၂□ Â ၃□	ပညာရေး □ Â ငွေကြေး □ Â ကျန်းမာရေး □ Â ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၃	ကျောင်း အကျိုးတော် ဆောင်အဖွဲ့	၁□ ၂□ ၃□ Â	ပညာရေး □ Â ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၄	ဂေါပကအဖွဲ့	၁□ ၂□ ၃□ Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၅	မိခင်နှင့် ကလေး	၁□ ၂□ ၃□ Â	ပညာရေး □ Â ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၆	အရန်မီးသတ် တပ်ဖွဲ့	၁□ ၂□ ၃□ Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □ Â	စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □	

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်းတွင် အဖွဲ့အစည်း (၆)ဖွဲ့ရှိပြီး ပရဟိတအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှုအားကောင်းကြပါသည်။ ကျေးရွာအတွင်းရှိ လူငယ်လူရွယ်များသည် ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် စည်းစည်းလုံးလုံးနှင့် အားတတ်သရော ပူးပေါင်းဆောင်ရွက် ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၂၀)ဧကမှ (၁၅)ဧကထိ	လယ် (၁၀)ဧကမှ (၅)ဧကထိ	လယ် (၄)ဧကမှ (၁)ဧကထိ	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံသွပ်မိုး	ပျဉ်ထောင်သွပ်မိုး	သွပ်မိုးထရံကာ	ခနဲမိုးထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	–	ထော်လာကျီ၊ လက်တွန်း	ဆိုင်ကယ်၊နွား	–
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ ဥယျာဉ်	လယ်၊ ဈေးရောင်း	လက်သမား၊ ပန်းရံ၊ ကယ်ရီ	လက်လုပ်လက်စား၊ ကျပန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၂၁	၂၄	၄၃	၈၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ (၁၂.၁၄%)သည်ချမ်းသာအဆင့်၊ (၁၃.၈၇%)သည် အလယ်အလတ်အဆင့်၊ (၂၄.၈၆%)သည် ဆင်းရဲအဆင့်နှင့် (၄၉.၁၃%)အဆင့်သည် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူကြပါသည်။ စီးပွားရေးအဆင့်မှာ အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၅	၄၉.၁၃ %	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၄၃	၂၄.၈၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၂၄	၁၃.၈၇%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	-	၀%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၁	၁၂.၁၄%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၇၃	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

.....

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
မိုးစပါး	၄၈၅	တင်း	၆၀	၁၀၀	၈၀	သင့်
ပဲ	၄၈၅	တင်း	၁၀	၁၅	၁၂	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးစိုက်ပျိုးဧကများကို စိုက်ပျိုးကြရာတွင် နိုင်ငံတော်၏ သတ်မှတ်ချက် ပျှမ်းမျှ အထွက်နှုန်းကို ရရှိရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့နည်းစေပါသည်။ ပဲစိုက်ပျိုးမှု များပြားတိုးတက်လာပြီး စနစ်တကျစိုက်ပျိုးနည်းပညာ သိရှိပါက အကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၆	၅၀
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	၂	၂
မြည်း	–	–
လား	–	–
ဆိတ်	–	–
သိုး	–	–
ဝက်	၉	၁၆
ကြက်	၆	၂၈

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် ဒေသမျိုးရင်း ကြက်၊ ဝက်၊ နွား၊ ဘဲတို့ကို အများဆုံးမွေးမြူ ကြပါသည်။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၁)စုရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ များပြားပါသည်။

၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရုပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	၂	၂	၂	လတ်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၁	၁	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁	၁	၁	လတ်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၂	၂	၂	လတ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၉	၉	၉	လတ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	၁	၁	၁	လတ်
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၆	၆	၆	လတ်
၁၃	ကျန်းမာရေး	၃	၃	၃	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	၂	၂	၂	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၇				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျပန်းလုပ်ကိုင်သောအိမ်ထောင်စုအများအပြားရှိပြီး အိမ်တွင်းထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ ဝန်ထမ်းအနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	**အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောင်းကုန်း	ရန်ကုန်
ရွာမှအကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐
(အနီးစပ်ဆုံး တစ်ခုကို	၅ မှ ၁၀ မိုင်☐ Â ၁၀ မှ ၁၅ မိုင် ☐	၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐
ခန့်မှန်းပြီး ရွေးချယ်ရန်)	၁၅ မိုင် အထက် ☐	၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ Â

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐Â ကား/ထော်လာကျီ ☐Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ Â လှေ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ Â ရထား ☐ သုံးဘီးဆိုင်ကယ်☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဒေသထွက်ကုန်အများစုကို အနီးဆုံးဈေးကွက်ဖြစ်သော ကျောင်းကုန်းဈေးသို့ ပို့ဆောင်ရောင်းချကြပြီး ကုန်သည်၊ ပွဲစားများဖြင့်လည်း ရောင်းဝယ်ဖောက်ကား ကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☐ Â ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐Â	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ Â	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ Â ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ Â ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐ Â	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ Â	၀-၁ မိုင် ☐ ၁-၅ မိုင် ☐Â ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ Â ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐Â	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ Â	၀-၁ မိုင် ☐ Â ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလမ်းများသည် အများစုမှာ မြေသားလမ်းများဖြစ်ကြ၍ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းမှာလည်း မြေသားလမ်းသာဖြစ်၍ ကျေးရွာ၏ လူမှုစီးပွားသာမက အခြားကျေးရွာများသို့သွားသောလူနာများ ကျောင်းလာတက်ကြသောကျောင်းသား/သူများအတွက်ပါ အဆင် မပြေပါ။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ Â	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ Â	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	၅	၁၂၀	၈၁	၁	၁၇	၁	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ စက်ဘီးများကို ကျောင်းတက်ရာတွင် အသုံးပြုမှုများပြားပါသည်။ ဆိုင်ကယ်များရှိသည့်အတွက် မြို့သို့သွားလာရာတွင်အဆင်ပြေလွယ်ကူပါသည်။ ထော်လာကျီများကို သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကထား၍ အသုံးပြု ကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၁၃၆
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၃၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမသွယ်တန်းနိုင်သေးပါ။ ဆိုလာအသုံးပြု သောအိမ်ထောင်စုများရှိကြပါသည်။ လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် လျှပ်စစ်မီးသွယ်တန်းလိုကြပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ထောင်စုများလည်း ရှိနေပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၅၅	၈၂	၆၉

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုများမှာ ဖုန်းအသုံးပြုနိုင်မှုကြောင့် ဆက်သွယ်ရေးမှာကောင်းမွန် ပါသည်။ တီဗွီကို အိမ်ထောင်စုအများစုမှာ အသုံးပြုကြပါသည်။ စလောင်းအသုံးပြုမှုမှာ အသင့်အတင့် ရှိပါသည်။ ဖုန်းဖြင့်အင်တာနက်အသုံးပြုမှုများပြားလာသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရာသီဥတုသတင်း အချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိနေရသဖြင့် အကျိုးကျေးဇူးများစွာရှိနေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၆	၂၉	၆၅
အလယ်တန်း	၂၄	၂၆	၅၀
အထက်တန်း	၅	၁၀	၁၅
တက္ကသိုလ်/ကောလိပ်	-	၄	၄

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် ကျေးရွာရှိ ကျောင်းသား/သူ များအတွက် ပညာသင်ကြားရေးတွင် အဆင်ပြေပါသည်။ ကျေးရွာတွင်းရှိ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျောင်းသား/သူ များသာမက အနီးပတ်ဝန်းကျင်မှ ကျောင်းသား/သူများလည်း လာရောက်ပညာသင်ကြားလျက်ရှိနေပါသည်။ အထက်တန်း ပညာပြီးဆုံးသူ အတွင့်အသင့်ရှိပြီး တက္ကသိုလ်တက်နေသူအနည်းငယ်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ Â အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☐Â စက်ဘီး ☐Â ဆိုင်ကယ် ☐ Â ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၉၀' x ၃၀'= ၂၇၀၀' ၅၄' x ၃၀'= ၁၆၂၀'								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ Â သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐Â			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ Â သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ Â တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☐ Â		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်းအရာ	(၁)			(၂)			(၃)		
အစိုးရခန့်	၂	၂	၄						
ကျေးရွာခန့်	-	၃	၃						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ……

……..

……..

……..……

……

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှုံမှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☐ Â	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်☐ Â	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☐ Â	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐ Â	မရှိ☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☐ Â
၆	တီဘီ	မြင့်☐	နိမ့်☐Â	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့်☐ Â	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☐ Â	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐Â	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐ မရှိ☐Â	နိမ့်☐	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐ မရှိ☐ Â	နိမ့်☐	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။……

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

……

……

……

……

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		Â
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		Â
၈	အာဟာရ ပညာပေး အစီအစဉ်		Â

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ……

……

……

……

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ Â ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐	ရှိ ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ Â ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	မရှိ ☐ Â
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ Â ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐ Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

.....

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	-	ကောင်း☐ သင့်☐ ညံ့☐	
အဝီစိတွင်း/ စက်တပ်	-	ကောင်း☐ သင့်☐ ညံ့☐	-
အဝီစိတွင်း/ တုံကင်	၁၇၃	ကောင်း☐ Â သင့်☐ ညံ့☐	ရှိပါသည်။
မိုးရေ သိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း၊ ရေတုံကင်၊ အဝီစိတွင်းများမှ သောက်သုံးရေကို တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိနေပါသည်။ ရေတွင်းအချို့သာ နွေအခါတွင် ရေအမှတ် ကျသွားသည်များ ရှိသော်လည်း ရေရှားပါးပြတ်လပ်သည်အထိ မရှိခဲ့ပါ။ ရေကောင်းရေသန့်ရရှိသောကြောင့် ကျန်းမာရေးနှင့် အထူးညီညွတ်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၁၇၃
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံးအသုံးပြုကြပါသည်။ ယင်လုံအိမ်သာအသုံး ပြမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများဖြစ်ပွားမှု အလွန် နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	ရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၂	ငှက်ဖျားရောဂါ	ရှိ
၁၃	တီဘီရောဂါ	ရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာအချဉ်ပေါက်ခြင်း
အပင်မျိုးစိတ်များ	-	ပိုးမွှားအန္တရာယ်ကျရောက်ခြင်း
ရေအရင်းအမြစ်	-	-
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေဩဇာများအသုံးပြုမှု များပြားလာသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်းများ ဖြစ်တတ်ပါသည်။ စပါးစိုက်ခင်းများမှာ ပိုးကျမှုအန္တရာယ်မှာမြင့်တက်လျက်ရှိနေပြီး ပိုးမွှားအန္တရာယ် ကာကွယ်နည်းစနစ်များ သိရှိပါက သီးနှံအထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။ မြေအောက်ရေ ထုတ်ယူ

သုံးစွဲမှုနှုန်းမှာမြင့်မားပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ □	မရှိ □ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ □ Â	မရှိ □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများတွင်သာ ခေါင်းဆောင်မှုများပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်မှုအားနည်း ပါသည်။

တောင်ယာတန်းကျေးရွာ၊ ကညင်သုံးဆင့်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအေးလှိုင်	ဦးငတော	၁၄/ကကန(နိုင်)၁၉၁၅၀	၄၄	ဥက္ကဋ္ဌ	၀၉-၇၉၃၄၇၃၃၇
၂	ဦးကြည်နိုင်	ဦးညွန့်စိန်	၁၄/ကကန(နိုင်)၀၇၆၁၄၇	၄၄	အတွင်းရေးမှူး	၀၉-၇၈၃၇၇၂၄၁၆
၃	ဒေါ်စန္ဒာအေး	ဦးသာအေး	၁၄/ပသန(နိုင်)၁၈၁၇၂၆	၃၅	စာရင်းကိုင်	၀၉-၇၇၄၃၆၄၇၆၄
၄	ဦးထွန်းဦး	ဦးချစ်ထွန်း	၁၄/ကကန(နိုင်)၀၉၁၇၀၁	၄၂	ဘဏ္ဍာရေးမှူး	၀၉-၉၆၈၃၉၆၀၅၃
၅	ဦးလှမြင့်	ဦးမောင်ငွေ	၁၄/ကကန(နိုင်)၀၁၄၆၂၃	၅၅	သော့ကိုင်(၁)	-
၆	ဦးဩစတင်း	ဦးလှဒင်	၁၄/ကကန(နိုင်)၀၅၇၀၁၁	၅၇	သော့ကိုင်(၂)	-
၇	ဦးအေးသန်း	ဦးပိန်	၁၄/ကကန(နိုင်)၁၀၉၂၃၀	၃၄	အဖွဲ့ဝင်	-
၈	ဦးခင်မောင်သန်း	ဦးသေး	၁၄/ကကန(နိုင်)၁၀၉၁၂၉	၃၅	အဖွဲ့ဝင်	-
၉	ဦးသန်းဦး	ဦးကျော်ခင်	-	၆၂	အဖွဲ့ဝင်	၀၉-၇၈၇၃၁၁၈၆